EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၅)၊ မေလ (၇) ရက်၊ ၂၀၁၆

## ချင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် လူမှုအခြေပြုခရီးသွားလုပ်ငန်း အားကောင်းအောင် ဆောင်ရွက်မည်

သောကြာ၊ ၂၂ ဧပြီ၊ ၂၀၁၆


ဓာတ်ပုံ - Chin World Facebook

လာမည့်ငါးနှစ်အတွင်း ချင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် အဓိက လူမှုအခြေပြု ခရီးသွားလုပ်ငန်းကို အားကောင်းအောင် ဆောင်ရွက်မည်ဟု ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက ဆိုသည်။

"ချင်းပြည်နယ်မှာ လေ့လာစရာနေရာတွေ အများကြီးရှိတယ်။ ဥပမာ-ရိဒ်ရေကန်၊ နတ်မတောင်၊ ကျောက်ပန်းတန်းတောင်၊ ကီမိုတောင်၊ ဘုံတလာရေတံခွန်တွေ ရှိတယ်။ ပြီးတော့ မြို့တိုင်းကိုယ်၌က ဒေသခံတွေရဲ့လူနေမှုစရိုက်တွေ လေ့လာလို့ရမယ်။ ရှိရင်းစွဲအခြေအနေကို နည်းနည်းလေး အဆင့်မြှင့်တင်ပေးလိုက်ရင် ရတယ်" ဟု ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ပြောသည်။

ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် ဒေသခံများ၏ အသိအမြင် တိုးတက်စေမည်ဖြစ်ပြီး ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရာလည်း ရောက်မည်ဟု ၎င်းက ဆိုသည်။

ဆက်လက်၍ နာမည်ရပြီးဖြစ်သော ဒေသခံထွက်ကုန်များ ဖြစ်သည့် ကော်ဖီနှင့် ဝိုင်များလည်း ဈေးကွက်ဝင်ဆံ့နိုင်အောင် ထုပ်ပိုးပုံ အဆင့်မြှင့်တင်ပေးနိုင်အောင်လည်း ကြိုးစားသွားမည်ဟု ဆိုသည်။

အလားတူ သတင်းအချက်အလက် ဈေးကွက်ကိုလည်း မြင့်တင်မည်ဖြစ်ပြီး ချင်းပြည်နယ်တွင် မိုဘိုင်းဖုန်းသုံးစွဲမည့် လူဦးရေနည်းပါးသော်လည်း လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းနှင့် နိုင်ငံတကာဆက်သွယ်မှု များသောကြောင့် အခြားဒေသများထက် မိုဘိုင်းဖုန်းသုံးစွဲမှု ပိုမိုများပြားမည်ဟု ယူဆသောကြောင့် သတင်းအချက်အလက်ဈေးကွက်ကို မြှင့်တင်ရန် လိုအပ်ခြင်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(Chin World Facebook page မှ ကောက်နုတ်ဖော်ပြသည်။)

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အခွန်စနစ်များ ခိုင်မာအောင် ဆောင်ရွက်မည်

ကြာသပတေး၊ ၂၈ ဧပြီ၊ ၂၀၁၆


ဓာတ်ပုံ - The Myanmar Times

အခွန်ပေးဆောင်ရာတွင် လုပ်ငန်းရှင်များဘက်က တင်ပြသော စာရင်းအင်းများခိုင်မာမှု အားနည်းနေခြင်းကို ပြုပြင်သွားရန်ရှိကြောင်း ဧပြီ ၂၅ ရက်က ကျင်းပခဲ့သည့် စက်မှုဇုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

"လုပ်ငန်းရှင် အားလုံးက အခွန်အပြည့်အဝ မတင်ဘူး။ ကိုယ်တကယ် ရှိတဲ့ စာရင်း၊ နိုင်ငံတော်ကို တင်တဲ့စာရင်းနဲ့ နိုင်ငံခြားလုပ်ငန်းရှင်တွေ လာတဲ့အခါ ပြတဲ့စာရင်းဆိုပြီး သုံးမျိုး ဖြစ်နေတယ်။ ရန်ကုန်တိုင်း ဒေသကြီးကို စာရင်းအင်း ခိုင်မာအောင် လုပ်မယ်"ဟု ၎င်းက ပြောသည်။ အခွန်မှာ တည်ဆဲဥပဒေက ရှိပြီးသားဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအရ အစိုးရတစ်ရပ်ဟာ ဘတ်ဂျက်ရယ်၊ စီမံကိန်းရယ်၊ အခွန်ရယ်ကို အစိုးရရဲ့ ပေါ်လစီကို အကောင်အထည်ဖော်နိုင်ဖို့ တင်ပြရခြင်း ဖြစ်ပါတယ်။ ဒီအခြေအနေဟာ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ အတည်ပြုခဲ့တဲ့အတိုင်း ဖြစ်ပါတယ်။ ဒီတစ်နှစ်တာအတွင်း ပြည်သူလူထုကြားမှာ အများကြီး သုံးသပ်ရပါမယ်။ ပြည်သူလူထု၊ လုပ်ငန်းရှင်တွေနဲ့ လက်ရှိမြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေခံပေါ်မှာ၊ ဒီကုန်စည်တွေပေါ်မှာ သတ်မှတ်ထားတဲ့ အခွန်အတုတ်ဆိုင်ရာတွေကို လူထုကြားမှာ ကျယ်ကျယ်ပြန့်ပြန့်နားထောင်ပြီး ပြုပြင် ပြောင်းလဲမှုတွေကို လုပ်ရမှာဖြစ်ပါတယ်။"

"ရန်ကုန်ဟာ ဖွံ့ဖြိုးတိုးတက်မှု အကြီးဆုံးဖြစ်ပြီး ပြည်ထောင်စု ထောက်ပံ့မှုက နည်းပါးတယ်။ လျှပ်စစ်မီးလို အခြေအနေမျိုးကျတော့ နိုင်ငံတစ်နိုင်ငံလုံးရဲ့ တစ်ဝက်လောက်ကို ယူသုံးနေပါတယ်။ ရယူသုံးစွဲတဲ့နှုန်းက တခြားပြည်နယ်တွေထက် တအားများပါတယ်။ ကျွန်တော်တို့က မျှတတဲ့အမြင်တစ်ခုနဲ့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားရပါမယ်" ဟု ၎င်းက မီဒီယာများကို ပြောကြားခဲ့သည်။

(The Myanmar Times, အေးသီတာကျော် ရေးသားသောသတင်းမှ ကောက်နုတ်ဖော်ပြသည်။)

*"လွှတ်တော်ရဲ့ကဏ္ဍက ဘတ်ဂျက်အလေအလွင့် မဖြစ်အောင် ထိန်းသိမ်းကာကွယ်ဖို့ပဲ။ အစိုးရအဖွဲ့က အခွန်တွေကောက်ပေးတယ်၊ ဒါပေမဲ့ ရလာတဲ့ဝင်ငွေကို လွှတ်တော်ရဲ့ သဘောတူညီမှုရှိမှသာ သုံးစွဲရမှာ ဖြစ်ပါတယ်" (ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်)* *(ကိုးကား - The Myanmar Times)*

## *Quotes and Opinions*

*"ပြည်သူတွေနဲ့ဆိုင်တဲ့ တိုင်ကြားစာတွေကိုတော့ အန်တီတို့ ချက်ချင်းဖြေရှင်းပေးတယ်။ ပုဂ္ဂိုလ်ရေးနဲ့ ဆိုင်တဲ့ကိစ္စတွေကိုတော့ ရေးရာကော်မတီဖွဲ့ထားတော့ ရေးရာကော်မတီတွေရဲ့ ဥက္ကဋ္ဌတွေက တင်ပြချက်အပေါ် ကြည့်ပြီးမှ ဖြေရှင်းပေးတယ်"*
*(မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ)*
*(ကိုးကား -Than Lwin Times Media)*

## ပြည်နယ်နှင့်တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ စာရင်း (၂၀၁၆ မတ်လ ၃၀ ရက်)

### (၁) ကချင်ပြည်နယ်

| | | |
|---|---|---|
| (က) | ဦးခင်မောင်မြင့် (ခ) ဦးဒိတ် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ခ) | ဦးစိုင်းစိန်လင်း | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ဂ) | ဦးအားတီယောဟန် | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးရန်နမ်းဖုန် | ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၂) ကယားပြည်နယ်

| | | |
|---|---|---|
| (က) | ဦးလှမျိုးဆွေ | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၃) ကရင်ပြည်နယ်

| | | |
|---|---|---|
| (က) | ဦးတေဇထွဋ်လှိုင်ထွေး | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ခ) | ဦးမင်းတင်ဝင်း | မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ဂ) | ဦးခွန်မျိုးတင့် | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၄) စစ်ကိုင်းတိုင်းဒေသကြီး

| | | |
|---|---|---|
| (က) | ဒေါ်မွေးမွေးခင် | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ခ) | ဦးလာလ်ထောင်ထန်း | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၅) တနင်္သာရီတိုင်းဒေသကြီး

| | | |
|---|---|---|
| (က) | ဦးစောလှကာ | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၆) ပဲခူးတိုင်းဒေသကြီး

| | | |
|---|---|---|
| (က) | ဒေါ်နော်ပွယ်ဆေး | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၇) မကွေးတိုင်းဒေသကြီး

| | | |
|---|---|---|
| (က) | ဦးလှထွန်း | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၈) မန္တလေးတိုင်းဒေသကြီး

| | | |
|---|---|---|
| (က) | ဦးစိုင်းကျော်ဇော | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၉) မွန်ပြည်နယ်

| | | |
|---|---|---|
| (က) | ဦးရွှေမြင့် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ခ) | ဒေါ်စံဝင့်ခိုင် | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ဂ) | ဦးအောင်မြင့်ခိုင် | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၁၀) ရခိုင်ပြည်နယ်

| | | |
|---|---|---|
| (က) | ဦးပုန်ဘွေ | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၁၁) ရန်ကုန်တိုင်းဒေသကြီး

| | | |
|---|---|---|
| (က) | နော်ပန်းသဉ္ဇာမျိုး | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ခ) | ဦးဇော်အေးမောင် | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၁၂) ရှမ်းပြည်နယ်

| | | |
|---|---|---|
| (က) | ဒေါက်တာအောင်သန်းမောင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ခ) | ဦးဇုတ်ဒေါင် | ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ဂ) | ဦးဂူဆာ | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးယောသပ် | လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (င) | ဦးအာဗေလှ | အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (စ) | ဒေါက်တာထွန်းလှိုင် | အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ဆ) | ဦးခွန်အေးမောင် | ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

### (၁၃) ဧရာဝတီတိုင်းဒေသကြီး

| | | |
|---|---|---|
| (က) | ဒေါ်ဂျဲမိုးမြတ်မြတ်သူ | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| (ခ) | ဦးတင်ဇော | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

*(ကိုးကား၊ မြန်မာနိုင်ငံပြန်တမ်း)*

## သတင်းဓာတ်ပုံ




ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး




ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး




ဘီးလင်းအရက်ပြန်နှင့် အရက်ပြင်းထုတ်လုပ်ရေးစက်ရုံ၏ ရေဆိုးစွန့်ထုတ်မှု တိုင်ကြားခြင်းအပေါ် မွန်ပြည်နယ်လွှတ်တော် တိုင်ကြားစာကော်မတီ ကွင်းဆင်းလေ့လာနေစဉ်။




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က လေဘေးသင့်ပြည်သူများကို အထောက်အပံ့ပစ္စည်းများ ပေးအပ်စဉ်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်**

စုစည်းတင်ပြသူ

ပညာ
အလင်းပွင့်
မြန်မာ
သုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉ ၄၅၀ ၁၀၀ ၇၅၀
၀၉ ၇၃၁ ၆၀၀ ၇၄

## ဒီရေတောခုတ်ထွင်ခြင်း ရပ်ဆိုင်းရန် တိုင်းဝန်ကြီးချုပ် ညွှန်ကြား

တနင်္သာ၊ ၂ မေ၊ ၂၀၁၆

မြိတ်ခရိုင်အတွင်းရှိ ဒီရေတော ခုတ်ထွင်ခြင်းလုပ်ငန်းများကို ရပ်ဆိုင်းပေးရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ဧပြီလ ၂၅ ရက် က မြိတ်ခရိုင် အုပ်ချုပ်ရေးမှူးသို့ ညွှန်ကြားထားခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့ဝင်များမှ ဧပြီလ ၂၅ ရက်တွင် မြိတ်မြို့ ကမ်းနားလမ်း ပုလဲရတနာခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ယင်းကဲ့သို့ ညွှန်ကြားခဲ့ခြင်း ဖြစ်သည်။



ဒေါက်တာလဲ့လဲ့မော်

"ဒီရေတောကို တတ်နိုင်သလောက် ထိန်းသိမ်း ရမှာပါ။ သဘာဝပတ်ဝန်းကျင် အရရော ရာသီဥတု အရပါ ပင်လယ်ကမ်းခြေ ဖြစ်ပြီး ဒီလောက်ပူနေတာ ကျွန်မတို့ သဘာဝပတ်ဝန်းကျင်မှာ အားနည်းချက်တစ်ခုဖြစ်နေပြီလို့ သုံးသပ် ပါတယ်။ အခုချိန်ကစပြီး ခုတ်ထွင်ခြင်းကို ရပ်ဆိုင်းပေးပါ။ စာထုတ်ပေးပါ" ဟု ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ဒေသခံတစ်ဦးဖြစ်သူ ဦးခင်မောင်သန်းက တရားဥပဒေစိုးမိုးမှု၊ ရေအောက်သယံဇာတနှင့် ပင်လယ်သားငါးများ ရှားပါးလာမှု၊ သစ်တောများပြုန်းတီးနေမှုနှင့် ဆင်းရဲသားလျှော့ချရေး စသည့်ကဏ္ဍတို့တွင် ချမှတ်ထားသည့် မူဝါဒများကို ပြည်သူများအား ရှင်းပြပေးရန် ပြောသည်နှင့် ပတ်သက်ပြီး ရှင်းလင်းစဉ် ဝန်ကြီးချုပ်က ဒီရေတောကိစ္စကို ထည့်သွင်း ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း တွေ့ဆုံပွဲထံမှ သိရသည်။

မြိတ်အခြေစိုက် ငါးအမှုန့်စက်ရုံများတွင် ဒီရေတောထင်းများကို လောင်စာအဖြစ် အဓိကထားသုံးစွဲနေရကြောင်း ယင်းစက်ရုံအသိုင်းအဝိုင်းထံမှ သိရသည်။

*(ကိုးကား - Dawei Watch)*

## သတင်းတိုများ

➤ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင်အသိုင်းအဝိုင်းနှစ်ခုကို တစ်စုတစ်စည်းတည်း ပြန်လည်တည်ဆောက်နိုင်ရန် အတွက် လက်ရှိ NLD အစိုးရလက်ထက် ၅ နှစ်တာလုံး တစ်ဆင့်ပြီးတစ်ဆင့် အချိန်ယူဆောင်ရွက်ရမည် ဖြစ်သည်ဟု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောကြားလိုက်သည်။ *(ကိုးကား - The Myanmar Times)*

➤ နေပြည်တော်ကောင်စီဥက္ကဋ္ဌသစ်ဖြစ်လာသူ ဒေါက်တာမျိုးအောင်က နေပြည် တော်ကောင်စီအတွင်းရှိ ဝန်ထမ်းများနှင့် ဧပြီလ ၄ ရက်၊ နံနက်ပိုင်းတွင် တွေ့ဆုံခဲ့ပြီး ဝန်ထမ်းများအနေဖြင့် လာဘ်မစားကြရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ *(ကိုးကား - Mizzima Burmese)*

➤ မွန်ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းများနှင့်ဆိုင်သည့် ကိစ္စရပ်များကို မွန်ပြည်နယ်ဝန်ကြီးချုပ်မှ သတင်းမီဒီယာများသို့ တစ်လလျှင်တစ်ကြိမ်သာ ထုတ်ပြန်ပြောကြားသွားမည် ဖြစ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။ *(ကိုးကား - Than Lwin Times)*

## မော်လမြိုင်ဘီလပ်မြေစက်ရုံ MCL ကို မွန်လွှတ်တော် ပြန်လည်စိစစ်မည်

ဗုဒ္ဓဟူး၊ ၄ မေ၊ ၂၀၁၆

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ဒွန်း/ကော့ပနော့ ဒေသရှိ MCL မော်လမြိုင် ဘီလပ်မြေစက်ရုံ၏ ကျောက်မီးသွေးစွမ်းအင်သုံးသည့်ကိစ္စကို မွန်ပြည်နယ်လွှတ်တော်က ပြန်လည်စိစစ်သွားမည်ဟု ပြည်နယ်လွှတ်တော် ဒု ဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ဆိုသည်။



ဒေါက်တာအောင်နိုင်ဦး

အဆိုပါ MCL မော်လမြိုင်ဘီလပ်မြေစက်ရုံမှ ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံ ရပ်တန့်ပေးရန် ဒေသခံများ တောင်းဆိုသောကြောင့် ဧပြီလ ၂၉ ရက်နေ့တွင် မွန်ပြည်နယ်လွှတ်တော် ဒု ဥက္ကဋ္ဌနှင့် ဒေသခံများက ၎င်းစီမံကိန်းအကြောင်းကို ဆွေးနွေးခဲ့ပြီးနောက် ယင်းသို့ ပြောကြားခြင်း ဖြစ်သည်။

မွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက "ကုမ္ပဏီဘက်က လုပ်ငန်းအစီစဉ်ချလုပ်ခဲ့တာဟာ ဒေသခံပြည်သူပေါ်မှာ ဘယ်လောက် ပွင့်လင်းမြင်သာမှုရှိခဲ့လဲ။ သူတို့ရဲ့ လုပ်ငန်းလုပ်ပိုင်ခွင့် အပေါ် ဘယ်အချက်တွေနဲ့ လုပ်ပိုင်ခွင့်ပေးခဲ့လဲပေါ့၊ ဒါတွေကို ပြန်လည် လေ့လာပြီး စိစစ်သွားမယ်။ လွှတ်တော်က သုံးစွဲမသင့်ဘူး ဆုံးဖြတ်ခဲ့ရင်၊ ဘယ်လိုသုံးစွဲသွားမည်ကို ကုမ္ပဏီတာဝန်ရှိသူနှင့် အစိုးရဘက်က တာဝန်ရှိသူတွေ အဖြေရှာရလိမ့်မယ်" ဟု ဆိုသည်။

လွန်ခဲ့သော ခေတ်အဆက်ဆက်ကသော်လည်းကောင်း၊ လွန်ခဲ့သော (၅) နှစ်သက်တမ်းကသော်လည်းကောင်း စီမံကိန်းအကြီးစားနှင့် စက်ရုံများ တည်ဆောက်ရာတွင် ဒေသခံပြည်သူတို့၏ သဘောဆန္ဒရယူမှုမရှိဘဲ တည်ဆောက်ခဲ့ခြင်းအများပြားတွေ့ရှိခဲ့သည်ဟု ဒေါက်တာအောင်နိုင်ဦးက ဆက်ပြောသည်။

မယ်ဂရိဒေသခံမှ နိုင်ရွှေဝင်းက "လွှတ်တော်ဒုဥက္ကဋ္ဌက MCL မော်လမြိုင် ဘီလပ်မြေစက်ရုံအကြောင်းနဲ့ ပတ်သက်ပြီး ကျနော်တို့ စာတင်ထားတဲ့ ကိစ္စကို ခေါ်တွေ့ ဆွေးနွေးတာပါ။ လျှပ်စစ်မီးကိစ္စအကြောင်း၊ စက်ရုံရဲ့ ပြီးစီးမှုအခြေအနေတွေကို မေးမြန်းဆွေးနွေးဖြစ်တယ်" ဟု ဆိုသည်။

မော်လမြိုင်ဘီလပ်မြေစက်ရုံ MCL ကျောက်မီးသွေးဖြင့် လည်ပတ်မည့် ကိစ္စရပ်တန့်ပေးရန် နိုင်ငံတော်သမ္မတ၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများအပါအဝင် မွန်ပြည်နယ်လွှတ်တော်သို့ ပြီးခဲ့သည့် ဧပြီ ၂၅ ရက်နေ့တွင် ပျားတောင်ဒေသခံများ လက်မှတ်ပေါင်း ၃၈၀၀ ခန့် ရေးထိုးတောင်းဆိုထားကြောင်း သိရသည်။

*ကိုးကား - မွန်အေဂျင်စီ*

**သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။**

EMReF
Enlightened Myanmar
Research Foundation